www.dhammadownload.com

# အနတ္တလက္ခဏသုတ်နိဒါန်း

## ဘုရားပွင့်တော်မူခြင်း

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၌ မာရ် ငါးပါးကို အောင်မြင်တော်မူ၍ ဘုရားဖြစ်တော်မူသည်။

## ဓမ္မစကြာတရား ဟောတော်မူခြင်း

ထိုနှစ် ဝါဆိုလပြည့် စနေနေ့ညနေချမ်း အရှေ့၌ လပြည့်ဝန်းကြီးတစ်ခြမ်း ပေါ်ထွက်လာချိန်၊ အနောက်၌ နေတစ်ခြမ်း ဝင်ချိန်အခါဝယ် သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌ အတူ သီတင်းသုံးခဲ့ဖူးသည့် အလုပ် အကျွေးပြုခဲ့ကြသူ ပဥ္စဝဂ္ဂီငါးဦးတို့အား "ဒွေ မေ ဘိက္ခဝေ အန္တာ" အစရှိသော ဓမ္မစကြာတရားဦးကို စတင် ဟောကြားတော်မူသည်။

## ကောဏ္ဍည သောတာပန်ဖြစ်ခြင်း

ဓမ္မစကြာကရားတော်၏ အဆုံး၌ အရှင်ကောဏ္ဍညသည် ဉာဏ်အလင်းပေါက်၍ သောတာပန်အဖြစ်သို့ ရောက်လေသည်၊ ထိုသို့ သောတာပန်ဖြစ်ပြီးနောက် "ဧဟိ ဘိက္ခု"ရဟန်းအဖြစ်ကို ခံယူလေသည်။

## ကျန် ပဥ္စဝဂ္ဂီလေးဦး သောတာပန်ဖြစ်ခြင်း

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ပင် ဝါကပ်တော်မူလျက် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ မြို့ရွာအတွင်းသို့ ဆွမ်းခံမျှ ကြွတော်မမူဘဲ ပဥ္စဝဂ္ဂီ ရဟန်းတို့၏ ကမ္မဋ္ဌာန်းအလုပ်၌ ဖြစ်ပေါ်လာတတ်သော အညစ်အကြေး အနှောင့် အယှက်တို့ကို သုတ်သင် တားဆီးရန်အလို့ငှာ နေ့ညဥ့်မပြတ် အမြဲ စောင့်ကြပ်လျက် တရားဟောခြင်း၊ အဆုံးအမ ဩဝါဒ ပေးခြင်းဖြင့် ကျောင်းတိုက်အတွင်းမှာပင် သီတင်းသုံး နေတော်မူသည်၊ ပဥ္စဝဂ္ဂီငါးဦးတို့အနက် နှစ်ပါးသော ရဟန်းတို့ကို ဆုံးမ ဩဝါဒ ပေးတော်မူစဉ် သုံးပါးသောရဟန်းတို့သည် ဆွမ်းအတွက် လှည့်လည်ကြကုန်သည်၊ ထိုရဟန်းသုံးပါးတို့ ဆောင်ယူခဲ့သောဆွမ်းဖြင့် မြတ်စွာဘုရားရှင်နှင့်တကွ ပဥ္စဝဂ္ဂီငါးဦး ဤခြောက်ပါးတို့သည် မျှတကြရကုန်သည်၊ သုံးပါးသော ရဟန်းတို့ကို ဆုံးမ ဩဝါဒ ပေးတော်မူစဉ် နှစ်ပါးသောရဟန်းတို့သည် ဆွမ်းအတွက် လှည့်လည်ကြကုန်သည်၊ ထိုနှစ်ပါးသော ရဟန်းတို့ ဆောင်ယူလာခဲ့သောဆွမ်းဖြင့် မြတ်စွာဘုရားနှင့် ပဥ္စဝဂ္ဂီငါးဦး အားလုံး ဤခြောက်ပါးတို့သည် မျှတကြရကုန်သည်။

ဤနည်းအားဖြင့် ထို ပဥ္စဝဂ္ဂီရဟန်းတို့ကို စောင့်ရှောက်တော်မူ၍ အဆုံးအမ ဩဝါဒ ပေးတော်မူရာ-

ဝါဆိုလပြည့်ကျော် ၁-ရက်နေ့၌ ဝပ္ပ မထေရ်သည် သောတာပန်ဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၂-ရက်နေ့၌ ဘဒ္ဒိယ မထေရ်သည် သောတာပန်ဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၃-ရက်နေ့၌ မဟာနာမ မထေရ်သည် သောတာပန်ဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၄-ရက်နေ့၌ အဿဇိ မထေရ်သည် သောတာပန်ဖြစ်သည်။၀

ဤသို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြ၍ "ဧဟိဘိက္ခု" ရဟန်းအဖြစ်ကို အသီးသီး ခံယူကြလေသည်။

## ဝါဆိုလပြည့်ကျော် ၅-ရက်၊ ရဟန္တာနေ့

ဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ပဥ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူသည်၊ အနတ္တလက္ခဏသုတ် ဟောကြားပြီးသည့် အဆုံး၌ ပဥ္စဝဂ္ဂီငါးဦးတို့သည် အရဟတ္တဖိုလ် တည်ကြ၍ ရဟန္တာ ဖြစ်ကြလေသည်၊ ပဥ္စဝဂ္ဂီငါးဦးတို့သည် ဘုရားရှင် ဗုဒ္ဓဂေါတမ၏ သာသနာတော်၌ ရှေးဦးစွာ ရဟန္တာ ဖြစ်ကြသူများ ဖြစ်သည်၊ ဝါဆိုလပြည့်ကျော် ၅-ရက်သည် လူသားငါးဦးတို့ ရှေးဦးစွာ ရဟန္တာဖြစ်သောနေ့ ဖြစ်သဖြင့် "ရဟန္တာနေ့"ဟု ဥဒါန်းမော်ကွန်း တွင်လေသည်။

www.dhammadownload.com


# အနတ္တအဓိပ္ပါယ်

အနတ္တ = န + အတ္တ

န = မဟုတ်

အတ္တ = ငါ၊ အလိုသို့ လိုက်ပါခြင်း၊ အစိုးတရ မိမိဖြစ်ချင်သလို ဖြစ်ခြင်း၊

အနတ္တ = ငါ မဟုတ်၊ မိမိအလိုသို့ မလိုက်ပါခြင်း၊ အစိုးတရ မိမိဖြစ်ချင်သလို မဖြစ်ခြင်း၊

ထို အတ္တဟူသောသဘောကို အမာခံ ရှာဖွေ စိစစ်လိုက်သောအခါ-

- အချို့က ဤခန္ဓာကိုယ်ကြီးကို အတ္တဟု ထင်မှတ် စွဲလမ်းကြသည်၊
- အချို့က စိတ်ကို အတ္တဟု ထင်မှတ် စွဲလမ်းကြသည်၊
- အချို့က သဘာဝဓမ္မကို အတ္တဟု ထင်မှတ် စွဲလမ်းကြသည်၊
- အချို့က ဤရုပ် ဤနာမ်မှ အခြား တစ်ပါးသော မပျက်မစီး အမြဲတည်သော အနှစ်သာရ အမာခံသဘော တရားတစ်ခုကို ကြံဆ၍ အတ္တဟု ထင်မှတ် စွဲလမ်းကြသည်၊

ထို့ကြောင့် အနတ္တဟု ဆိုလျှင် အထက်ဖော်ပြပါ စွဲလမ်းချက် အားလုံးကို ငြင်းဆိုပြီး ဖြစ်တော့သည်။

တစ်နည်းလည်း အနတ္တ သဒ္ဒါသည် -

၁။ အလိုသို့ မလိုက်ခြင်း၊ မိမိ ဖြစ်ချင်သလို မဖြစ်ခြင်းအနက် (အ ဝသဝတ္တနဋ္ဌ)၊

၂။ ပိုင်ဆိုင်သူ မရှိခြင်း အနက် (အ သာမိကဋ္ဌ)၊

၃။ ပြုစီမံတတ် ဖန်တီးတတ်သော သဘောမှ ဆိတ်သုဉ်းခြင်း အနက် (သုညတဋ္ဌ)၊

၄။ တိတ္ထိတို့က မပျက်မစီး အမြဲတည်တံ့သည်ဟု စွဲယူသော အတ္တကို ပယ်ခြင်း (အတ္တပဋိက္ခေပဋ္ဌ)ဟူ၍ အနက် အဓိပ္ပါယ် လေးမျိုး ပြ၏။

ထို လေးပါးတို့တွင်-

၁။ ဖြစ်ဆဲ ဥပါဒ်ခဏဌ်ရှိသော ရုပ်သည် တည်ဆဲ ဋ္ဌီခဏသို့ မရောက်ပါစေလင့်၊ တည်ဆဲရုပ်သည် မအိုမင်းပါစေလင့်၊ အိုသောရုပ်သည် မပြိုမကွဲ မပျက်စီးပါစေလင့်၊ ဤသို့ စသည်ဖြင့် မိမိတို့ တောင့်တတိုင်း မဖြစ်ခြင်း၊ အလိုသို့ မလိုက်ခြင်း အနက်သဘော (အ ဝသဝတ္တနဋ္ဌ)ကြောင့် အနတ္တ မည်၏။

၂။ ရုပ်, ဝေဒနာ, သညာ စသော တရားတို့သည် မိမိတို့ သဘောအတိုင်းသာ ဖြစ်ပျက်နေကြသည်၊ မည်သို့ ဖြစ်စေ၊ မည်သို့ရှိစေဟု အမိန့်ပေးနိုင်သည့် ပိုင်စိုးသူ တစ်စုံတစ်ယောက်မျှ မရှိခြင်း အနက်သဘော (အ သာမိကဋ္ဌ) ကြောင့် အနတ္တ မည်၏။

၃။ ရုပ်, ဝေဒနာ, သညာ စသည်တို့သည် ပြုလုပ်တတ်၊ ခံစားတတ်၊ ပြုပြင်စီရင်တတ်၊ ဖန်တီးတတ်သော သဘောမှ ဆိတ်သုဉ်းခြင်း အနက်သဘော (သုညတဋ္ဌ)ကြောင့် အနတ္တ မည်၏။

၄။ သာသနာပ တိတ္ထိတို့သည် မပျက်မစီး အမြဲတည်သော အမာခံ အနှစ်သာရကို အတ္တဟု ကြံဆ စွဲလမ်းကြကုန်၏၊ ရုပ်, ဝေဒနာ, သညာ စသည်တို့သည် ထိုအမာခံ အတ္တသဘော မရှိခြင်း (အတ္တပဋိက္ခေပဋ္ဌ) ကြောင့် အနတ္တ မည်၏။

၁-၂။ ဤအနက် လေးချက်တို့တွင် အလိုသို့ မလိုက်ခြင်း (= အ ဝသဝတ္တနဋ္ဌ)၊ ပိုင်ဆိုင်သူ မရှိခြင်း (= အ သာမိကဋ္ဌ) ဤအနက် နှစ်ပါးကို အနတ္တလက္ခဏာသုတ်တော်၌-

**န စ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ။**

"ငါ၏ရုပ်သည် ဤသို့ဖြစ်ပါစေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်ပါစေလင့်ဟု မိမိဖြစ်ချင်သလို ဖြစ်ရန် ရုပ်၌ တောင့်တ၍ မရစကောင်း" စသော စကားရပ်ဖြင့် ဖော်ပြ ဟောကြားတော်မူသည်။

www.dhammadownload.com


၃-၄။ ပြစ်မှု ဖန်တီးမှုသဘောမှ ဆိတ်သုဉ်းခြင်း (= သုညတဋ္ဌ)၊ မပျက်မစီး အမြဲတည်သည့်သဘော ရှိသည်ဟု တိတ္ထိတို့ စွဲလမ်း ယူဆသော အတ္တကိုပယ်ခြင်း (= အတ္တပဋိက္ခေပဋ္ဌ)၊ ဤအနက်နှစ်ပါးကို-

**ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။**

"ရဟန်းတို့၊ ဤရုပ်သည် အနတ္တ ဖြစ်သောကြောင့် နာကျင်ခြင်း ဖြစ်ရ၏" စသော စကားဖြင့် ဖော်ပြ ဟောကြားတော်မူသည်။

## အနတ္တဓာတ်ကြီး

ဤ အနတ္တဓာတ်သဘောသည် မြတ်စွာဘုရား ပွင့်တော်မူသော သာသနာအတွင်း၌သော်လည်းကောင်း၊ ပွင့်တော်မမူသော သာသနာပ အခါ၌သော်လည်းကောင်း မိမိသဘာဝအတိုင်း တည်ရှိ၏၊ သို့ရာတွင် ဖော်ထုတ် ဟောကြားမည့်သူ မရှိလျှင် သတ္တဝါတို့ မသိနိုင်ကြချေ၊ မြတ်စွာဘုရားသခင် ပွင့်တော်မူလာသောအခါမှသာ ထို အနတ္တဓာတ် အနတ္တသဘောကို ဟောကြား ထုတ်ဖော်သဖြင့် လူနတ်ပြဟ္မာတို့ သိရှိ နားလည်ကြရလေသည်၊ သတ္တဝါတို့သည် မမြဲခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘောကို သိလွယ်၊ မြင်လွယ်ကြသော်လည်း အနတ္တသဘောကိုမူကား သိမြင်ရန် ခက်ခဲလှသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ဥပရိပဏ္ဏာသ ပါဠိတော်၊ ဆ ဆက္ကသုတ္တန် (မ၊၃၊၃၂၉) စသည်၌ ထင်ရှား ပေါ်လွင်သော အနိစ္စလက္ခဏာဖြင့် ခက်ခဲသော အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူသည်။

ခန္ဓဝဂ္ဂသံယုတ်၊ ဒုတိယအရဟန္တသုတ် (သံ၊၂၊၆၉) စသည်၌ ထင်လွယ် မြင်လွယ်သော အနိစ္စ, ဒုက္ခ လက္ခဏာတို့ဖြင့် ခက်ခဲ သိမ်မွေ့သော အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူ၏၊ ဤ အနတ္တလက္ခဏာသုတ် ရှေ့ပိုင်း၌ ဒုက္ခလက္ခဏာဖြင့် အနတ္တသဘောကို ထင်ရှားအောင် ဟောတော်မူသည်၊ ဤသုတ် တေပရိဝဋ္ဋဓမ္မဒေသနာအခန်း၌ အနိစ္စ, ဒုက္ခ လက္ခဏာနှစ်ရပ်ဖြင့် အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူသည်။

## အနတ္တလက္ခဏာသုတ် အကျဉ်းချုပ်

အနတ္တလက္ခဏာသုတ်တော်ကို အခန်းအားဖြင့် ဝေဖန် ပိုင်းခြားရလျှင်-

(က) ခန္ဓာငါးပါးတို့၏ အနတ္တဖြစ်ပုံ၊

(ခ) ခန္ဓာငါးပါးတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပုံ၊

(ဂ) ဝိပဿနာပညာ, မဂ်ပညာဖြင့် ရှုမြင်ပုံ၊

(ဃ) ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် အဆင့်ဆင့်ဖြစ်ပုံ၊

(င) ပဉ္စဝဂ္ဂီရဟန်းတို့ ရဟန္တာဖြစ်ကြပုံ ဟူ၍ အပိုင်းကြီးငါးပိုင်း ဖြစ်သည်။

(က) **"ရူပံ ဘိက္ခဝေ အနတ္တာ မှ ဧဝံ မေ ဝိညာဏံ မာ အဟောသီတိ"** တိုင်အောင်သော စကားဖြင့် ခန္ဓာငါးပါးတို့၏ အလိုသို့ မလိုက်ခြင်း (အ ဝသဝတ္တနဋ္ဌ)၊ ပိုင်ဆိုင်သူ မရှိခြင်း (အ သာမိကဋ္ဌ)၊ ပြုလုပ်တတ်၊ ခံစားတတ်၊ ဖန်တီးတတ်သော သဘောမှ ဆိတ်သုဉ်းခြင်း (သုညတဋ္ဌ)၊ တိတ္ထိတို့ ယူဆ စွဲလမ်းသော အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း (အတ္တပဋိက္ခေပဋ္ဌ) အနက်သဘောကြောင့် အနတ္တဖြစ်ပုံကို ပြတော်မူသည်။

**"အာဗာဓာယ သံဝတ္တတိ"** ဟူသော စကားရပ်ဖြင့် နာကျင်မှု ဆင်းရဲမှု ဒုက္ခလက္ခဏာကို အခြေခံထား၍ ခန္ဓာငါးပါး၏ အနတ္တဖြစ်ပုံကို ပြတော်မူသည်။

(ခ) **"တံ ကိံ မညထ မှ နော ဟေတံ ဘန္တေ"**တိုင်အောင်သော စကားဖြင့် ခန္ဓာငါးပါးတို့၏ အနိစ္စဖြစ်ပုံကို တစ်ကျော့တစ်ပြန်၊ ဒုက္ခဖြစ်ပုံကို တစ်ကျော့တစ်ပြန်၊ အနတ္တဖြစ်ပုံကို တစ်ကျော့တစ်ပြန် အားဖြင့် သုံးကျော့သုံးပြန် တိုင်အောင် အမေးအဖြေပြု၍ ဟောတော်မူ၏၊ ထို့ကြောင့် ဤအပိုင်းသည် တေပရိဝဋ္ဋဓမ္မဒေသနာ မည်၏၊

(တေ = သုံးကြိမ် + ပရိဝဋ္ဋ = ပြန်၍ + ဓမ္မဒေသနာ = တရားဟောခြင်း)

www.dhammadownload.com


(ဂ) "တသ္မာတိဟ မှ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ" တိုင်အောင်သော စကားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် အတွင်း, အပြင်, အကြမ်း, အနု, အယုတ်, အမြတ်, အဝေး, အနီး ဖြစ်သော ခန္ဓာငါးပါးကို 'ငါ၏ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ အလိုသို့ မလိုက်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ကောင်းမြတ်သော ဝိပဿနာပညာ မဂ်ပညာဖြင့် သိမြင်ပုံကို ဟောတော်မူသည်။

(ဃ) "ဧဝံ ပဿံ မှ ပဇာနာတိ" တိုင်အောင်သော စကားဖြင့် မဂ်သို့ ဆိုက်ရောက်စေနိုင်သည့် အထွတ် အထိပ် ဖြစ်သော ဝိပဿနာဉာဏ် (= ဝုဋ္ဌာနဂါမိနီဝိပဿနာ)ကိုလည်းကောင်း၊ ထိုမှ တစ်ဆင့်တက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ အဆင့်ဆင့် ဖြစ်ပွားပုံကိုလည်းကောင်း ဟောတော်မူသည်။

(င) "ဣဒမဝေါစ မှ ဝိမုစ္စိံသူတိ" တိုင်အောင်သော စကားဖြင့်ကား အနတ္တလက္ခဏသုတ်တော်ကို နာကြားရသော ပဉ္စဝဂ္ဂီရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြောင်းကို နိဂုံးချုပ် ပြဆို ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဤ ပဉ္စဝဂ္ဂီရဟန်းတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြပုံကို အတုယူ၍ မဂ်, ဖိုလ် တရားထူးကို ရလိုသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အနတ္တလက္ခဏသုတ်တော်ကြီးကို နေ့, ညဉ့်မပြတ် ရိုသေစွာ ရွတ်ဖတ် သရဇ္ဈာယ်၍ ခန္ဓာငါးပါး၌ အနတ္တလက္ခဏာ ထင်မြင်လျက် အရဟတ္တဖိုလ်တိုင်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေ သတည်း။

---

## အနတ္တလက္ခဏသုတ် ပါဠိ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

### အနတ္တလက္ခဏသုတ်အမွှမ်း

(က) ဓမ္မစက္ကံ ပဝတ္တေတွာ၊ အာသဠှိယံ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊ ဣသိပတနဝှယေ ဝနေ။

(ခ) ပါပေတွာဒိဖလံ နေသံ၊ အနုက္ကမေန ဒေသယိ။
ယံ တံ ပက္ခဿ ပဉ္စမျံ၊ ဝိမုတ္တတ္ထံ ဘဏာမ ဟေ။

### အနတ္တလက္ခဏသုတ်နိဒါန်း

ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။
တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။
"ဘဒ္ဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ-

### ၁။ ခန္ဓာငါးပါး အနတ္တဖြစ်ပုံ

#### (က) ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ

ရူပံ ဘိက္ခဝေ အနတ္တာ။
ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။
လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ" တိ။
ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။
န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

www.dhammadownload.com


## (ခ) ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ

ဝေဒနာ အနတ္တာ။

ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ။

## (ဂ) သညာက္ခန္ဓာ အနတ္တဖြစ်ပုံ

သညာ အနတ္တာ။

သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ။

## (ဃ) သင်္ခါရက္ခန္ဓာ အနတ္တဖြစ်ပုံ

သင်္ခါရာ အနတ္တာ။

သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ။

လဗ္ဘေထ စ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု" န္တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ။

န စ လဗ္ဘတိ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု" န္တိ။

## (င) ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ

ဝိညာဏံ အနတ္တာ။

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ" တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ" တိ။

---

## ၂။ ခန္ဓာငါးပါး၌ လက္ခဏာရေးသုံးပါး

### (က) ရူပက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး

တံ ကိံ မညထ ဘိက္ခဝေ-

ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ။

www.dhammadownload.com


(ခ) နာမက္ခန္ဓာ ၄-ပါး၌ လက္ခဏာရေးသုံးပါး

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ။

သညာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ။

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ။

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ။

---

## ၃။ ခန္ဓာငါးပါးကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

### (က) ရုပ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကံ ဝါ, သုခုမံ ဝါ, ဟီနံ ဝါ, ပဏီတံ ဝါ, ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

### (ခ) ဝေဒနာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယာ ကာစိ ဝေဒနာ အတီတာ နာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ, သုခုမာ ဝါ, ဟီနာ ဝါ, ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

### (ဂ) သညာတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယာ ကာစိ သညာ အတီတာ နာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ, သုခုမာ ဝါ, ဟီနာ ဝါ, ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

www.dhammadownload.com


### (ဃ) သင်္ခါရတရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယေ ကေစိ သင်္ခါရာ အတီတာ နာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကာ ဝါ, သုခုမာ ဝါ, ဟီနာ ဝါ, ပဏီတာ ဝါ, ယေ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သင်္ခါရာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

### (င) ဝိညာဏ်တရားကို တဏှာ, မာန, ဒိဋ္ဌိဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ

ယံ ကိဉ္စိ ဝိညာဏံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ, ဗဟိဒ္ဓါ ဝါ, ဩဠာရိကံ ဝါ, သုခုမံ ဝါ, ဟီနံ ဝါ, ပဏီတံ ဝါ, ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

---

## ၄။ နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက်ဖြစ်ပုံ

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

ဝိရာဂါ ဝိမုစ္စတိ။

ဝိမုတ္တသ္မိံ "ဝိမုတ္တ" မိတိ ဉာဏံ ဟောတိ။

ခီဏာ ဇာတိ။

ဝုသိတံ ဗြဟ္မစရိယံ။

ကတံ ကရဏီယံ။

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

---

## ၅။ ပဉ္စဝဂ္ဂီရဟန်းများ ရဟန္တာဖြစ်ပုံ

ဣဒမဝေါစ ဘဂဝါ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

------------------------------------ အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ ------------------------------------

www.dhammadownload.com